စိရံ တိင္ဃတု သဒ္ဓမ္မော

မိုးကုတ်မြို့ နယ်သူ/သားများနှင့်

အသင်းသူ/သား အလှူရှင်များ၏

ဂိုဏ်းပေါင်းစုံ အစည်းအဝေးပွဲသို့ ကြွရောက်တော်မူသော

သမ္မုတိရ သံဃာတော် (၁၂၀၀) ကျော် တို့အား

# တရက်စာ ဆွမ်းကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း

နှင့်

# မီးဘေးအလှူငွေများအတွက်

# မိုးကုတ်အသင်း အမှုဆောင်အဖွဲ့၏

# အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

၁၃၃၃ ခု၊ တပို့တွဲလ ဖေဖော်ဝါရီလ၊ ၁၉၇၂-ခု



၂၄-၅-၇၀-ပထမနေ့ ဆွမ်းတရက်စာအတွက် ငွေ ၂၆၀၀၀ ကျပ်ကို
သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်ထံသို့
ဥက္ကဋ္ဌနှင့် အမှုဆောင်လူကြီးများ ငွေလှူဒါန်းနေပုံ။



၂၄-၅-၇၀ မိုးကုတ်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်ထွန်းတင်နှင့်
အမှုဆောင် လူကြီးများကိုယ်တိုင် ဆွမ်းကပ်နေပုံ၊



၂၄-၅-၇၀-မိုးကုတ်မြို့နယ်မှ တက်ရောက်ကြသော
သံဃာ့ကိုယ်စားလှယ်များကို ဆွမ်းစားပွဲ၌ ဖူးတွေ့ရပုံ။



၂၄-၅-၇၀—ကြံခင်းမြို့၊ ဓမ္မစကြာကျောင်းတိုက်မှ ဆရာတော် ဦးကုမုဒ
ဆွမ်းဒါန အနုမောဒနာတရား ချီးမြှင့်ခြင်းကို ရှိသေစွာ နာယူနေပုံ။



၂၇-၅-၇၀—ဆွမ်းမလောင်းမီ မိုးကုတ်မြို့နယ်အသင်း
မဏ္ဍပ်ရှေ့၌ စုရုံးကြည်ညိုနေပုံ။



၂၈-၅-၇၀–ဆွမ်းမလောင်းမီ မိုးကုတ်မြို့နယ်အသင်း
မဏ္ဍပ်ရှေ့၌ စုရုံးကြည်ညိုနေပုံ။




၂၈-၅-၈၀ – ဆွမ်းမလောင်းမီ မိုးကုတ်မြို့နယ်အသင်း
မဏ္ဍပ်ရှေ့၌ စုရုံးကြည်ညိုနေပုံ။



၂၈-၅-၈၀ — အဘိဓဇမဟာရဋ္ဌဂုရု သက်တော်·၈၇၊ သိက္ခာတော်(၆၇)
စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်
ကြွရောက်အလှူခံနေပုံ။



၂၈.၅-၈၀–အဘိဓဇမဟာရဋ္ဌဂုရု သက်တော်-၈၁၊ သိက္ခာတော်(၆၁၊)
မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ကြွရောက်အလှူခံနေပုံ။



၂၈·၅·၈၀–အဂ္ဂမဟာပဏ္ဍိတ **သက်တော်**-၈၃၊ သိက္ခာတော် (၆၃)၊
**ဖျာပုံမြို့**၊ တိုက်သစ်ကျောင်းဆရာတော် ကြွရောက်အလှူခံနေပုံ။




၂၈·၅·၇၀–အဂ္ဂမဟာပဏ္ဍိတ  သက်တော်·၇၃၊ သိက္ခာတော် (၆၃)၊
ပဲခူးမြို့၊ မြို့မစာသင်တိုက်၊ ဥက္ကဋ္ဌဆရာတော် ကြွရောက်အလှူခံနေပုံ။



၂၈-၅-၈၀–အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
မင်းကွန်းဆရာတော် ကြွရောက်အလှူခံနေပုံ။




၁၇-၆-၈၁—ဒုတိယအကြိမ် မိုးကုတ်မြို့နယ်အသင်း လောင်းလှူမည့်
လှူဖွယ် ဝတ္ထုပစ္စည်းများ။



၁၇-၆-၇၁–ဒုတိယအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို
ဆောင်ရွက်ခဲ့သည့် အမှုဆောင်လူကြီးများ။



၁၇-၆-၈၁ –ဒုတိယအကြိမ် သံဃာတော်များ မကြွရောက်ခင် အသင်း
မဏ္ဍပ်ရှေ့၌ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် စောင့်ဆိုင်းကြည်ညိုနေပုံ။



၁၇·၆·၈၁–ဒုတိယအကြိမ် သံဃာတော်များ မကြွရောက်ခင်
အသင်းမဏ္ဍပ်ရှေ့၌ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် စောင့်ဆိုင်းကြည်ညိုနေပုံ။

စိရံ တိဋ္ဌတု သဒ္ဓမ္မော

မိုးကုတ်မြို့ နယ်သူ/သားများနှင့်
အသင်းသူ/သား အလှူရှင်များ၏
ဂိုဏ်းပေါင်းစုံ အစည်းအဝေးပွဲသို့ ကြွရောက်တော်မူသော
သမ္မုတိရ သံဃာတော် (၁၂၀၀) ကျော် တို့အား

## တရက်စာ ဆွမ်းကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း

နှင့်

## မီးဘေးအလှူငွေများအတွက်

## မိုးကုတ်အသင်း အမှုဆောင်အဖွဲ့၏

# အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

၁၃၄၃-ခု၊ တပို့တွဲလ　　ဖေဖော်ဝါရီလ၊ ၁၉၈၂-ခု

ရန်ကုန်မြို့ ကမ္ဘာ့အေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇) က ပုံနှိပ်ထုတ်ဝေသည်။

## မိုးကုတ်အသင်း အမှုဆောင်အဖွဲ့

# အစီရင်ခံစာ

လေးမြတ်စွာ အစီရင်ခံအပ်ပါသည်။

သာသနာတော် သန့်ရှင်း,တည်တံ့,ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ အစည်းအဝေးပွဲကြီးသို့ ကြွရောက်တော်မူလာကြသော မြန်မာနိုင်ငံတဝန်းလုံးမှ သံဃာသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်တော် အရှင်မြတ်(၁၂၀၀)ကျော်တို့အား (၂၄-၅-၈၀)ရက်နေ့တွင် ဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်ရသာများကို ဆက်ကပ်လှူဒါန်းခြင်း (၂၈-၅-၈၀) နယုန်လပြည့်နေ့တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ- ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပြီး၊ သံဃာသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်တော် (၁၂၀၀)ကျော်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း အစရှိသည့် လှူဖွယ်ဝတ္ထုတို့ကို စည်ကားသိုက်မြိုက် အောင်မြင်ချောမောစွာ ပြီးစီးကြောင်းကို အစီရင်ခံလိုပါတယ်။

(သံဃေ တွံ ဂေါတမီ ဒေဟိ)ဂေါတမီ၊ သံဃာအား လှူလော့၊ သံဃာအားလှူခြင်းသည် ကြီးမားသော အကျိုးရှိ၏၊ သံဃာအား လှူခြင်းသည် ငါဘုရားအား ပူဇော်ခြင်းပင်ဖြစ်သည်၊ (ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်) ဤသို့ မိခင်နှင့်မခြား ကျေးဇူးများလှသော မိထွေးတော်ဂေါတမီအား ရှင်တော်ဗုဒ္ဓ ညွှန်ပြဖူးပါသည်၊ သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရား ညွှန်ပြသည့်အတိုင်း မိထွေးတော်ဂေါတမီသည် သံဃာတော်တို့အား လှူဒါန်းခဲ့သလို မြန်မာနိုင်ငံတဝန်းလုံးရှိ သံဃာတော် ၁၀၉၀၃၂-ပါး ကိုယ်စား သံဃာသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်အပါး (၁၂၂၂)တို့အပြင် သီလဝန္တ၊ သိက္ခာကာမ၊ လဇ္ဇီပေသလ၊ ပရိယတ္တိဝိသာရဒ၊ ဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသော ဘွဲ့တံဆိပ်တော်ရ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်များ၊ အဂ္ဂမဟာပဏ္ဍိတဆရာတော်များ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များအား မိုးကုတ်အသင်းကြီးမှ ကြီးမှူး၍ အသင်းသူ အသင်းသား နယ်သူနယ်သား စေတနာရှင် အလှူရှင်ပုဂ္ဂိုလ်များ ကြိုးကြိုက်ခဲ့သည့် မြတ်ဒါနကို ဝမ်းမြောက်ဝမ်းသာ ပြုခဲ့ကြရပါသည်။

ယခုကဲ့သို့ ကြိုးကြိုက်ခဲ့လှ၊ မြတ်ဒါနကြီး ဖြစ်ပေါ် လာပုံကို ထပ်လောင်းအစီရင်ခံလိုပါတယ်၊ မိုးကုတ်အသင်းမှ နာယကကြီးတဦးဖြစ်တဲ့ ဦးမြင့်(ဂွတ္တလစ်)သည်၊ သံဃာ့ဝန်ဆောင်ဆရာတော်အပါး(၆၄)ပါးတို့အား ဆွမ်း(၁)ရက်စာ ကပ်လှူဖို့ရာ ဓမ္မဒီပကျောင်းဆောင်သို့ သွားရောက်စာရင်းပေးရာမှ မိုးမိတ် ရွှေကျောင်းဆရာတော် ဦးဓမ္မာနန္ဒ၊ တိပိဋကဓရ ဦးနေမိန္ဒ၊ (ပခုက္ကူ) ဆရာတော်များထံ သွားရောက်ဖူးမြော်သည့်အခါ ၎င်းဆရာတော်များက(၂၄-၅-၈၀)ရက်နေ့မှစ၍

(၂၇-၅-၇၀)ရက်နေ့ထိ အသက်ဖေါ်ပြပါ သံဃာတော်အရှင်မြတ် ၁၃၀၀-တို့အား ဆွမ်းကပ်ဖို့ အစီအစဉ်ရှိကြောင်းကို မိန့်ကြားတော်မူလိုက်ရာ ဦးမြင့်၏ စိတ်ထဲ၌ သဒ္ဓါတရားဖြစ်ပေါ်လာပြီး ၎င်း(၁)ရက်စာဆွမ်းကို မိမိတဦးတည်းသော်လည်းကောင်း၊ မိုးကုတ်အသင်းသူ အသင်းသားများ သော်လည်းကောင်း၊ ကပ်ဖြစ်အောင် ဆန္ဒပြင်းပြခဲ့ပါသည်၊ ၎င်းဆန္ဒပြင်းပြသည့် အတိုင်းပင် မိုးကုတ်အသင်း အမှုဆောင်လူကြီးများနှင့် တိုင်ပင်ဆွေးနွေးကြသည့်အခါ၊ အမှုဆောင်လူကြီး များကလည်း ဝမ်းမြောက်ဝမ်းသာ သဒ္ဓါနှင့်ဆန္ဒချင်း တူညီကြသည့်အတွက် (၂၄-၅-၇၀)ပထမ နေ့(၁)ရက်စာ ဆွမ်းကို ရအောင် ဦးမြင့်အား လျှောက်ထားခိုင်းခဲ့ပါသည်၊ အမှုဆောင်လူကြီး များသည် (၄-၅-၇၀)ရက်နေ့မှစ၍ နေ့ညမအား ကောက်ခံကြပါသည်၊ ၎င်းကြုံကြိုက်ခဲလှ၊ မြတ် ဒါနကြီးကို ရန်ကုန်မြို့ရှိ မိုးကုတ်အသင်းသူအသင်းသားများ လှူဒါန်းနိုင်ကြရသလို၊ မိုးကုတ် နယ်သူနယ်သားများပါ ကုသိုလ်ပါဝင်နိုင်ရန် ဆန္ဒပြင်းကြပါသဖြင့် အသင်းအမှုဆောင်လူကြီးများ စည်းဝေးတိုင်ပင်၍ အသင်း၏အတွင်းရေးမှူးဖြစ်သော ဦးမြင့်လွင်ကို သွားရောက်ကောက်ခံပေးပါ ရန် မေတ္တာရပ်ခံခဲ့ပါသည်၊ ဦးမြင့်လွင်(၁-၅-၇၀)နေ့ ရန်ကုန်မှထွက်ခွာ၍ မိုးကုတ်နယ်သူနယ်သား များထံ သွားရောက်ကောက်ခံခဲ့ပါသည်။

(၁၉-၅-၇၀)ရက်နေ့တွင်အသင်း၏နာယကကြီးဦးမြင့် အမှုဆောင်လူကြီးများဖြစ်ကြသော ဦးခင်မောင်၊ဦးမြင့်လွင်၊ဦးထွန်းအေး၊ ဦးခင်မောင်၊ဦးထွန်းဝတို့သည် ကမ္ဘာအေးဇမ္ဗူဒီပကျောင်း အလှူခံဌာနသို့ သွားရောက်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်လက်သို့ ဥက္ကဋ္ဌဦးခင်မောင်က မိုးကုတ်အသင်းနှင့် နယ်သူနယ်သား အလှူရှင်များကိုယ်စား ဆွမ်း ၁-ရက် စာ ၂၆၀၀၀ိ-ကျပ်ကို လှူဒါန်းခဲ့ပါသည်။

"ဆွမ်းဆန်စိမ်းလောင်း ဖြစ်ပေါ်လာပုံကို အစီရင်ခံလိုပါတယ်၊ ၎င်းဆွမ်း ၁-ရက်စာ ၂၆၀၀၀ိ ကို လှူဒါန်းသည့်နေ့မှာပဲ ပြည်ထဲရေးနှင့်သာသနာရေးဌာနဝန်ကြီးနှင့် တွေ့ဆုံခဲ့ပါတယ်၊ သာသနာရေးဝန်ကြီး၏ ၂၇-၅-၇၀ နေ့ပါ အထက်ဖေါ်ပြပါ သံဃာတော်များနှင့် အသစ်ထပ်မံ ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် ဆရာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူရန် အစီအစဉ်ရှိ ကြောင်း" ၎င်းဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးတွင် ထပ်မံကုသိုလ်ပါဝင်နိုင်အောင် တိုက်တွန်း မေတ္တာရပ်ခံသဖြင့်—

နောက်တဖန် ကြိုးစားခဲ့ကြပါတယ် ကြိုးစားသည့်အလျောက် မိုးကုတ်အသင်းဝင်များ သာမက၊ မိုးကုတ်အနွယ်ဝင်များ အခြားစေတနာသဒ္ဓါတရား ထက်သန်သည့် ကုသိုလ်ရှင်များ ကြောင့် ဖေါ်ပြပါ ဂိုဏ်းပေါင်းစုံသံဃာတော် အရှင်မြတ် ၁၂၂၂ ကျော်တို့အား မိမိတို့တသက်မှာ မပြုရသေးသော ဒါနကြီးကို ပြုခဲ့ရကြောင်း ထပ်လောင်းဖော်ပြရခြင်းဖြစ်ပါတယ်။

## ၂၄၅·၈၀ (၁) ရက်စာ—ကပ်လှူပွဲ အစီအစဉ်

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ အစည်းအဝေးအတွက် ဆွမ်းကွမ်းချက်ပြုတ်သည့်အဖွဲ့က ကပ်လှူသည့် ခဲဖွယ်ဘောဇဉ်များမှာ—

နံနက်အရုဏ် (၁) အသားဆန်ပြုတ် (၂) စမူဆာ (၃) ကော်ဖီ (၄) ပေါင်မုန့်ထောပတ်၊

နေ့လယ်ဆွမ်း (၁) ဆိတ်သားဆီပြန် (၂) ငါးကြင်းဆီပြန် (၃) ဗူးသီး၊ ခရမ်းချဉ်သီး ချဉ်ရည်၊ ငါးပိရည်၊ တို့စရာ အသီးအရွက် (မြင်းခွာရွက်သုပ်)၊

အချိုပွဲတွင် ကော်ဖီ ကိတ်မျိုးစုံ သဗျက်သီး လက်ဖက် (ဆနွင်းမကင်း)၊

ညနေ—ဘိလပ်ရည်တို့ ဖြစ်ပါတယ်။

အထက်ပါ ဟင်းလျာများ အချိုပွဲများတွင် မြင်းခွာရွက်သုပ်နှင့် ဆနွင်းမကင်းများကို သီးခြားစီစဉ်၍ ကပ်လှူခဲ့ပါတယ်။

ၡင်းနေ့ဆွမ်း ကပ်လှူသည့်နေ့တွင် မိုးကုတ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်ထွန်းတင်နှင့် ဇနီး၊ မိုးကုတ်အသင်း အမှုဆောင်လူကြီးများ၊ အသင်းသူအသင်းသားများ၊ အလှူရှင်များက သဟတ္ထိက-မြောက် ကိုယ်တိုင်ဆက်ကပ် လှူဒါန်းခဲ့ပါတယ်၊ (ရောဝတီတိုင်း ကြံခင်းမြို့ ဓမ္မစကြာကျောင်း ဆရာတော် ဦးကုမုဒ) ဆရာတော်က ဆွမ်းဒါနတရား ဟောကြား ချီးမြှင့်ပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ပါတယ်၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ကြည်ညိုဖွယ် ဖြစ်အောင် ထပ်လောင်း အစီရင်ခံလိုပါတယ်၊ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ရှေ့ မုခ်အထွက်မှစ၍ ကမ္ဘာအေးစေတီတော်ပတ်ပြီး ဇမ္ဗူဒီပကျောင်းဆောင်ထိ လမ်းမပေါ်မှာ ဆွမ်းလောင်း မဏ္ဍပ်ပေါင်း (၄၉) မဏ္ဍပ် ရှိပါတယ်၊ မိုးကုတ်အသင်းမှ မဏ္ဍပ်သည် အမှတ်စဉ် (၄) မှာ ရှိပါတယ်။

၂၈·၅·၈၀၊ နယုန်လပြည့် ဗုဒ္ဓဟူးနေ့ နေ့လယ် (၂) နာရီအချိန်မှာ နိုင်ငံတော်အစိုးရက ကပ်လှူသည့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်တို့ကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင်က ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကျင်းပချိန် ဖြစ်ပါသည်၊ အသင်းမဏ္ဍပ် တွင်း ပြင်မှာတော့ အလှူရှင်များ စုဝေးရောက်ရှိပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုများ လောင်းလှူဖို့ရာ အစီအစဉ်များ ပြုလုပ်လျက်ရှိပါတယ်။

ဘွဲ့တံဆိပ်တော် ဆက်ကပ်ပြီးဆုံးတဲ့ (၃) နာရီခွဲ အချိန်မှာတော့ နိုင်ငံတော် ယဉ်ကျေးမှုဆိုင်းအဖွဲ့မှ စည်တော်ရွှန်း၍၊ ပထမ ရှေ့ဆုံးမှ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း

ခံရသည့် သီလဝန္တသိက္ခာကာမ,လဇ္ဇီပေသလ, ပရိယတ္တိဝိသာရဒ ဖြစ်တော်မူကြသော စစ်ကိုင်းတိုင်း ဝန်းသိုမြို့ ခန္တီးစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသုဇန သက်တော် (၈၆) သိက္ခာတော် (၆၆) ဝါ-ရ ဆရာတော်၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်း မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ဘဒ္ဒန္တဝိသုဒ္ဓ သက်တော် (၈၁) သိက္ခာတော် (၆၁) ဝါ-ရ ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိဇယာရာမအရှေ့တိုက် ဘဒ္ဒန္တဉာဏိန္ဒ သက်တော် (၈၄) သိက္ခာတော် (၆၅)ဝါ-ရ ဆရာတော်၊

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်း ဖျာပုံမြို့ တိုက်သစ်ကျောင်း ဘဒ္ဒန္တဓမ္မစက္က သက်တော် (၈၃) သိက္ခာတော် (၆၃)ဝါ-ရ ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်း ပဲခူးမြို့ မြို့မစာသင်တိုက် ဘဒ္ဒန္တကုန္ဒာစာရ သက်တော် (၈၃) သိက္ခာတော် (၆၃)ဝါ-ရ (နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ) အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်း ဖြူးမြို့ မင်းကျောင်းစာသင်တိုက် ဘဒ္ဒန္တကုသလ သက်တော် (၈၁) သိက္ခာတော် (၆၁) ဝါ-ရ ဆရာတော်—

နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ ဖြစ်ကြသော— အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ် ချောင်းဆုံမြို့ မုဒွန်းရွာ ပိဋကတိုက်ကျောင်း ဘဒ္ဒန္တကောသလ္လ သက်တော် (၉၃) သိက္ခာတော် (၇၄)ဝါ ရ ဆရာတော်၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်း စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ဘဒ္ဒန္တပဏ္ဍိတသိရီ သက်တော် (၈၇) သိက္ခာတော် (၆၇) ဝါ-ရ ဆရာတော်၊ အစရှိသည့် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ—

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ—

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ—

သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များ—

**အား** မိုးကုတ်အသင်းမဏ္ဍပ်သို့ ညနေ ၄-နာရီအချိန်မှစ၍ မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်ထွန်းတင်၊ အဖွားဖုံ၊ (ဂွတ္တာလစ်) ဦးလေးမြ(စမ်းချောင်း) အစရှိသော ဂုဏဝုဒ္ဓိ, ဝယဝုဒ္ဓိ ဂုဏ်အား အသက်အားဖြင့် ပြည့်စုံကြကုန်သော ပုဂ္ဂိုလ်များကို ရှေးဦးစွာထား၍ အသင်းနာယကများ၊ အိမ်မှူးဆောင်လူကြီးများ၊ အသင်းသူ အသင်းသားများ၊ အလှူ့ရှင်များက အသင်း၏ မဏ္ဍပ်မှ လှူဖွယ်ဝတ္ထုများဖြစ်ကြသော သပိတ်, သင်္ကန်း, ထီး, ဖိနပ်, သင်ပုန်းခဲ, ချွေးသုတ်ပဝါ, ဆပ်ပြာ, ရှူဆေး အစရှိသည့် ပစ္စည်းများကို စည်းကမ်းစနစ်တကျ သဟတ္ထိကမြောက် ဝမ်းမြောက်ဝမ်းသာ ဆက်ကပ်လှူဒါန်းကြရာ ည(၁၂)နာရီထိုးအထိ ဖြစ်ကြပါသည်၊ ၎င်းည

တညလုံး မဏ္ဍပ်တွင်းရှိ ကလေး လူကြီးများကို ဦးမြင့်-ဒေါ်သန်းသန်းတို့က ကော်ဖီ-ပေါင်မုန့် ကြော်တို့ဖြင့် လည်းကောင်း၊ ကိုဘတင့်-မစိန်စိန်(ပါရမီ)တို့က ခေါက်ဆွဲကြော် ကြာဆံကြော်တို့ဖြင့် လည်းကောင်း၊ ဦးခင်မောင် ဒေါ်မြမေတို့က ကောက်ညှင်းပေါင်းတို့ဖြင့် လည်းကောင်း၊ ဦးထွန်းဝ-ဒေါ်အုံးတို့က လက်ဖက်ရည်များဖြင့် လည်းကောင်း၊ တပျော်တပါး ကျွေးမွေးဧည့်ခံပြီး မိသားစုစိတ်ဓာတ်ဖြင့် မကြုံစဖူး ထူးကဲလှသည့် ဆွမ်းလောင်းပွဲကြီးကို မကြွရောက်နိုင်ကြသော အသင်းသူ အသင်းသား နယ်သူ နယ်သား အလှူရှင်များကိုယ်စား လောင်းလှူခဲ့ကြ ပါကြောင်းကို ဖော်ပြရခြင်း ဖြစ်ပါသည်။

(၂၉-၅-၇၀) နယုန်လပြည့်ကျော် (၁)ရက်နေ့မှာတော့—

(၁) မိုးမိတ်-ရွှေကျောင်းဆရာတော်၊(၂) မင်းတံတားဒါတော်မှီကျောင်းဆရာတော်၊(၃) နန်းမွန်း ကျောင်းဆရာတော်၊(၄) ရေပူကျောင်းဆရာတော်၊ (၅) ဥယျာဉ်ကျောင်းဆရာတော်၊(၆) ကသဲ-ကမ္ဘာအေးဆရာတော် (သံဃသမ္မုတိ-ရ သံဃာ့ ကိုယ်စားလှယ်)အရှင်မြတ်(၆)ပါးတို့အား မိုးကုတ် အသင်းကြီးမှ ဂုဏ်ပြုပူဇော်ပွဲနှင့် သံဃာတော် ၁၂၂၂-ကျော်တို့အား (၁)ရက်စာ ဆွမ်းကပ်ခြင်း၊ ဆွမ်းလောင်းလှူခြင်း အစရှိသည့် ပြုလုပ်လှူဒါန်းခဲ့သည့် ဒါနကုသိုလ်တို့ကို ဥက္ကဋ္ဌ ဦးခင်မောင်-ဒေါ်မြမေတို့အိမ်၌ပင် အသင်းနာယကကြီးများဖြစ်ကြသည့် သခင် သာခင်၊ ဦးအောင်ကျော် ဦးမြင့်နှင့် အသင်း အမှုဆောင်လူကြီးများက ထပ်မံ၍ ရေစက်ချရာ မိုးမိတ်ရွှေကျောင်း ဦးဓမ္မာနန္ဒ (ဗဟိုသံဃာ့ဝန်ဆောင်) ဆရာတော်ဘုရားက ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ တရား ဟောကြားပြီးအနေသို့ ရောက်ခဲ့ခြင်း ဖြစ်ပါသည်။

သာသနာတော် သန့်ရှင်း,တည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ ကြွရောက်တော်မူလာကြသော မြန်မာနိုင်ငံတဝန်းလုံးမှ သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ် အရှင်မြတ် (၁၂၂၂)တို့အား ဆွမ်း(၁)ရက်စာ ကပ်လှူခြင်းနှင့် ၂၇-၅-၇၀၊ နယုန်လပြည့်နေ့တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ကပ်လှူခံယူပြီးသော ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၊ ဩဝါဒါစရိယဆရာတော်များ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ သံဃသမ္မုတိ-ရ သံဃာ့ ကိုယ်စားလှယ် ဆရာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီးသည် အောင်မြင်စွာ ပြီးစီး ခဲ့ပါသည်။

အထက်ဖော်ပြပါ အစီရင်ခံသည့်အတိုင်း (ကြုံကြိုက်ခဲလှ-မြတ်ဒါန) အလှူပွဲကြီးကို တင့်တယ် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းမှာ အမှုဆောင်များ၏ အားထုတ်မှု မိုးကုတ် အသင်းသူ အသင်းသားများ မိုးကုတ်မြို့ နယ်သူနယ်သားများ မိုးကုတ်အနွယ်ဝင်များနှင့် မိုးကုတ်

အနှယ်ဝင်မဟုတ်သော အခြားစေတနာ သဒ္ဓါတရား ထက်သန်သော ကုသိုလ်ရှင် စေတနာရှင်တို့၏ သဒ္ဓါပြဋ္ဌာန်း လှူဒါန်းမှုနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကာ ဝေယျာဝစ္စကုသိုလ်ပြုသူ စေတနာရှင် သဒ္ဓါရှင်အပေါင်းတို့ကို မှတ်တမ်းတင်အပ်ပါသည်။

အထူးသဖြင့် လိုအပ်သည်များကို စေတနာထက်သန်စွာ ကူညီ ဆောင်ရွက်ပေးကြသည့် အောက်ပါပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်း ဌာနများအား ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်၊

၁။ မိုးမိတ်မြို့ ရွှေကျောင်းဆရာတော် ဦးဓမ္မာနန္ဒ (နာယကဆရာတော်)

၂။ ပခုက္ကူမြို့ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဦးနေမိန္ဒ၊

၃။ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်၊ ဦးအုန်းလွင်နှင့် သာသနာရေးဦးစီးဌာနမှ ပုဂ္ဂိုလ်များ၊

၄။ မော်တော်ယာဉ် ထိန်းသိမ်းရေးအဖွဲ့မှ ဦးလှမင်း၊ ဦးစံထွန်း၊

၅။ မိုးကုတ်အသင်း နာယက ဦးမြင့်၊ ဗိုလ်မှူးသန်းလွင် (ငြိမ်းစား)၊

၆။ ရန်ကုန်တိုင်း ကောင်စီဝင် ဦးသက်ထွန်းနှင့် ဦးအုံးရွှေ၊

၇။ မိုးကုတ်မြို့နယ်မှ အလှူတော်ငွေကို ကောက်ခံဆောင်ရွက် ကူညီပေးသည့် မိုးကုတ်မြို့နယ် ပါတီ ကောင်စီမှ ပုဂ္ဂိုလ်များ၊

၈။ မိုးကုတ်မြို့နယ် ပါဠိပထမပြန် ဆွမ်းကွမ်းအဖွဲ့ အတွင်းရေးမှူး ဦးကောင်းနှင့် အဖွဲ့ဝင် လူကြီးများ၊

၉။ မိုးကုတ်မြို့ ပတ္တမြားရပ်မှ ဦးတင်လှ၊

၁၀။ သံဃာတော် ၁၃၀၀-ကျော်ကို ဆွမ်းဆက်ကပ်လှူဒါန်းရာတွင် ပါဝင်သည့် ဆန္ဒင်းမကင်းနှင့် မြင်းခွာရွက်သုပ်တို့ကို တာဝန်ယူ ဆောင်ရွက်ပေးကြသော–

မိုးကုတ်မြို့ တောင်ကချင်ရပ်၊ ဦးကံကြီး-ဒေါ်ပွဲ၊ ကိုထွန်းတင်၊

မိုးကုတ်မြို့ ဈေးတောင်ရပ်၊ ကိုစိုးမြင့်-မမြင့်မြင့်။

မြောင်းမြမြို့ ဒေါ်အုံးကြိုင်၊ ဒေါ်ကျင်အေး၊ ဒေါ်ကျင်လှ၊

ရန်ကုန်မြို့ ဝင်ဒါမီယာလမ်း ဒေါ်သန်းရီ မိသားစု၊

ရန်ကုန်မြို့ ဝင်ဒါမီယာလမ်း ဒေါ်မြမေ မိသားစု၊

ရန်ကုန်မြို့ ဝင်ဒါမီယာလမ်း အဖွားညွှန့်၊ ဒေါ်ခင်သန်း မိသားစုနှင့်–

ကျေးဇူးတင်ထိုက်သူမှန်သမျှကို အမှုဆောင်အဖွဲ့မှ ကျေးဇူးအထူးတင်ရှိပါကြောင်း။

ယခုအစီရင်ခံစာနှင့်အတူ အဖွဲ့မှကောက်ခံရရှိသော ငွေစာရင်းများကို ဖော်ပြထားပါသည်၊ အဆိုပါစာရင်းများတွင် အလှူရှင်များ၏ စာရင်း လှူဒါန်းသည့်ငွေ ပစ္စည်းတန်ဖိုး ဝင် ထွက် စာရင်းနှင့်တကွ (၂၄-၅-၇၀)နေ့ ရေဝတီတိုင်း ကြံခင်းမြို့ ဓမ္မစကြာကျောင်း ဆရာတော်ဦးကုမုဒ ရေစက်ချတရားတော်နှင့် (၂၉-၅-၇၀)မိုးမိတ်မြို့ရွှေကျောင်း ဆရာတော်၏ ရေစက်ချတရားတော် များကို ကြည်ညိုဖွယ် ဖော်ပြထားပါသည်။

အလှူရှင်အပေါင်းတို့သည် (ပုဗ္ဗ-မုဋ္ဌ) စေတနာပြဋ္ဌာန်းကာ ကုသိုလ်ပြုခဲ့သည်များကို ဤ အစီရင်ခံစာ မြင်ကိုင်း၊ ဖတ်တိုင်း (ပရ) စေတနာ ပွားများနိုင်ကြပါစေဟု ဆုတောင်းလိုက်ရပါ ကြောင်း။

အမှုဆောင်အဖွဲ့

မှတ်ချက်။

အထက်ဖော်ပြပါ အလှူရှင် အသီးသီး၏ဆန္ဒအတိုင်း လှူဖွယ်ပစ္စည်းများကို ဝယ်ယူလှူဒါန်း နိုင်ရန် အမှုဆောင်အဖွဲ့က ကြိုးစားဆောင်ရွက်ပါသော်လည်း သက်ဆိုင်ရာမှ လိုအပ်သည့်ပစ္စည်း များကို အချိန်မီ ရောင်းချနိုင်ခြင်းမရှိခဲ့ပါသဖြင့် သံဃာတော်များ အချိန်ကြာမြင့်စွာ အသုံးပြုနိုင် မည့် သင်းပိုန်းခါးကို ဦးစားပေး၍ ဝယ်ယူလှူဒါန်းရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါသည်။

အမှုဆောင်အဖွဲ့

မိုးကုတ်ရှင်းဘမ်း ၂—ဟမ်းသ·စ

၂၉-၅-၇၀ နေ့

## မိုးမိတ်မြို့ရွှေကျောင်းဆရာတော်–ဦးဇမ္ဗူနန္ဒ

# ရေစက်ချ တရားတော်

မိုးကုတ်အသင်းမှ ကြီးမှူး၍၊ အသင်းသူအသင်းသားများနှင့်တကွ နယ်သူ နယ်သားများ ကုသိုလ်ရှင်များ စုပေါင်း၍၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော သံဃာတော်များအား ဆွမ်း ခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းခြင်း၊ ၎င်းသံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ မိုးကုတ်မြို့နယ်မှ ၎င်းအစည်းဝေးပွဲကြီးသို့ ကြွရောက်လာကြသော သံဃာတော် ၆–ပါးအား ဂုဏ်ပြုပူဇော်ခြင်း အစရှိတဲ့ ကောင်းမြတ်တဲ့ ဒါနကုသိုလ်တွေကို ဥက္ကဋ္ဌ ဦးခင်မောင်အိမ်မှာပဲ၊ ထပ်လောင်းပြီးရေစက်ချကြရအောင်၊ ကိုင်း....အားလုံး ရေစက်ခွက်ကိုင်ပြီး လိုက်ဆိုကြ—သံဃာတော်အရှင်မြတ်တို့ဘုရား၊ တပည့်တော်၊ တပည့်တော်မတို့သည်၊ သံသရာဝဋ်ဆင်းရဲမှ၊ လွတ်မြောက်ပါရစေခြင်း အကျိုးငှာလည်းကောင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရစေခြင်း အကျိုးငှာလည်းကောင်း၊ ကုသိုလ်ကံကိုလည်းကောင်း၊ ကုသိုလ်ကံ၏ အကျိုးကိုလည်းကောင်း၊ ယုံကြည်ပါကုန်သည်ဖြစ်၍ သရဏဂုံ ၃—ပါးနှင့်တကွ ငါးပါးသော သီလတော်မြတ်တို့ကို ကျင့်သုံးဆောက်တည်ပါကုန်၏၊ငါးပါးသီလတော်မြတ်ကို ကျင့်သုံးဆောက်တည် ခံယူပြီး၍၊ အရဟံ အစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား မြတ်စွာဘုရားကို အာရုံပြု၍ ၁။ ဓာတုစေတီ၊ ၂။ ဓမ္မစေတီ၊ ၃။ ဥဒ္ဒိဿစေတီ၊ ၄။ ပရိဘောဂစေတီတော်မြတ်တို့အား အဆင်း, အနံ့, အရသာတို့နှင့် ပြည့်စုံသော ဤဆွမ်း ခဲဖွယ်၊ ဘောဇဉ်, ချိုချဉ်, အရသာတို့ကို လှူဒါန်းပါကုန်၏၊ မြတ်စွာဘုရားအား လှူဒါန်းပြီး၍ ရန်ကုန်မြို့ မိုးကုတ်အသင်း နာယကများနှင့်၊ အသင်းအမှုဆောင်များ ကြီးမှူး၍ အသင်းသူ အသင်းသားအပေါင်းတို့သည် စုပေါင်း၍ ၁၃၄၂-ခုနှစ်၊နယုန်လဆန်း (၁၁)ရက် (၂၄-၅-၇၀)နေ့ သာသနာတော် သန့်ရှင်း, တည်တံ့, ပွားများခြင်းငှာ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးသို့၊ ကြွရောက်တော်မူလာကြကုန်သော သံဃသမ္မုတိ·ရ သံဃာ့ကိုယ်စားလှယ် အရှင်မြတ် ၁၃၀၀-အား ၂၆၀၀ဝိ-ကုန်ကျသော ဆွမ်း, ခဲဖွယ်, ဘောဇဉ် ချိုချဉ်, အရသာတို့ကို လှူဒါန်းပူဇော်ခြင်း၊ ၁၃၄၂- နယုန်လပြည့်နေ့၊ ၂၇-၅-၇၀ နေ့တွင် ထိုသံဃာတော်အရှင်မြတ် ၁၃၀၀-တို့အား၊ ချွေးသုတ်ပဝါအထည် ၁၃၀၀၊ ရှူဆေးပုလင်းပေါင်း ၁၃၀၀၊ အဝတ်လျှော်ဆပ်ပြာ ၁၃၀၀၊ ဆပ်ပြာ ၁၃၀၀၊ သင်းဓုန်းဓား ၄၁၅၊ သက်နှီးဒွိစုံ ၄၀၊ သပိတ်၊ ထီး ဖိနပ်၊ ရေနုတ်ထိုင်၊ အစရှိသော အစုစုအရပ်ရပ်၊ လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်းပါကုန်၏၊ ယနေ့

သံဃာတော်အရှင်မြတ် (၆)ပါးတို့အား၊ မိမိအိမ်သို့ပင့်၍ ဆွမ်း, ခဲဖွယ်, ဘောဇဉ်, ချိုချဉ်, အရသာတို့ကိုလည်း၊ ဆက်ကပ်လှူဒါန်းပါကုန်၏၊ နဝကမ္မ- တပါးလျှင် ၁၀၀-သော ဝတ္ထုတို့ကိုလည်း လှူဒါန်းပါကုန်၏၊ ဤသို့လှူဒါန်းရသော ကုသိုလ်အရပ်ရပ်၏ အဖို့ဘာဂကို အမိ အဖ၊ အဘိုး အဘွား၊ ကလျာဏမိတ်၊ ပရိသတ်တို့အားလည်းကောင်း၊ ကိုယ်စောင့်နတ်၊ တိုက် အိမ်စောင့်နတ် မြို့စောင့်နတ်၊ စတုလောကနတ်၊ သိကြားမင်း ယမမင်းတို့နှင့်တကွ သမ္မုတိနတ် လူမင်းများအား လည်းကောင်း၊ မိဟောင်း, ဖဟောင်း, ဆွေမျိုးဟောင်း အပေါင်းတို့အားလည်းကောင်း၊ ထိုမှ ကြွင်းသော ဘုံသုံးပါး၌ ထင်ရှားရှိသော သတ္တဝါတို့အားလည်းကောင်း ဤကောင်းမှု အစုစု တို့ကို အမျှပေးဝေပါကုန်၏၊ မိဖ ဘိုးဘွား အမူးထား၍ များပြားလှစွာ သတ္တဝါတို့သည် ကျွန်ုပ် တို့နှင့်အညီအမျှ ဤကောင်းမှုအစုရ၍ ကိုယ်, စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြသည် ဖြစ်ကြပါစေ ကုန်သတည်း။

အမျှ—အမျှ—အမျှ

ယူတော်မူကြပါကုန်လော့

သာဓု—သာဓု—သာဓု

၁၃၄၂-ခုနှစ် နယုန်လဆန်း(၁၁)ရက် (၂၄-၅-၈၀)နေ့
ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ ဆွမ်းစားဆောင်၌ မိုးကုတ်အသင်းသူ
အသင်းသားများက ဂိုဏ်းပေါင်းစုံ သံဃာတော်(၁၂၀၀)ကျော်တို့အား
ဆွမ်းကပ်လှူဒါန်းပွဲ၌ ဧရာဝတီတိုင်း ကြံခင်းမြို့ ဓမ္မစကြာကျောင်း ဆရာတော်
ဦးကုမုဒ ဟောကြားတော်မူအပ်သော-

# ဆွမ်းအနုမောဒနာ တရားတော်

ယနေ့ မိုးကုတ်မြို့ အသင်းသူ အသင်းသားများက သံဃာတော် (၁၂၀၀)ကျော်တို့အား ဆွမ်းခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့နှင့် ဆက်ကပ် ကျွေးမွေး လှူဒါန်းပြုလုပ်သည့် ၂၆၀၀၀ိ/-ခန့်ကုန်ကျတဲ့ ဒါနကုသိုလ်ကို သံဃိကဒါန ကုသိုလ်လို့မှတ်ရမယ်။

ဒဲဒီ သံဃိကဒါနကုသိုလ်ကို ပြုတဲ့အခါ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသော ပြည်နယ်နှင့်တိုင်း ဂိုဏ်းအသီးသီးမှ ကြွလာတော်မူကြသော သံဃာတော် အရှင်မြတ်တို့ကို လှူဒါန်းပူဇော်တဲ့အခါ ရွှင်လန်းဝမ်းမြောက်သော စိတ်တို့ဖြင့် လှူဒါန်းဆက်ကပ်ပူဇော်တဲ့အတွက်ကြောင့် မတောင့်မတပဲ လောကီအနေအားဖြင့် အသက်ရှည်ခြင်းဆိုတဲ့ အကျိုး၊ အဆင်းလှခြင်းဆိုတဲ့အကျိုး၊ ချမ်းသာကြီးခြင်း ဆိုတဲ့အကျိုး၊ ကာယဗလဟူသမျှတို့နှင့် ပြည့်စုံရခြင်းအကျိုး၊ အသိဉာဏ်ပညာတို့နှင့် ပြည့်စုံရခြင်း အကျိုးတွေကို မတောင်းပဲ အလုံးစုံ အကုန်ရတယ်။

ဒီလိုအကျိုးတွေရတော့ ဒါနဲ့ တင်းတိမ် ရောင့်ရဲနေဖို့ မဟုတ်ပါဘူး၊ ဒုက္ခဟူသမျှတို့ ချုပ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်ဆိုတဲ့ သန္တိသုခတရားထက် မြင့်မြတ်သော တရားမရှိပါ။

ထိုအမြင့်မြတ်ဆုံးဖြစ်တဲ့ သန္တိသုခ-မြတ်ဓမ္မကို ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တွေကို ပြုပြီးတဲ့အခါ နိဗ္ဗာန်ကို ရရာရကြောင်း ဆုတောင်း ပတ္ထနာ ပြုမှသာလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်။

နိဗ္ဗာန်ကို ဘာကြောင့် ဒီလောက်တောင် တောင့်တရပါသလဲဆိုတော့ နိဗ္ဗာန်ဆိုတဲ့ ချမ်းသာသည် လောကချမ်းသာ-အဖြာဖြာတို့ထက် အမြတ်ဆုံးဖြစ်တဲ့ ချမ်းသာ၊ (၃၁)ဘုံမှာရှိပြီးနေတဲ့ ချမ်းသာအပေါင်းတို့နှင့် ယှဉ်ပြိုင်သော် သန္တိသုခခေါ်တဲ့ နိဗ္ဗာန်ချမ်းသာကြီးကို မမီနိုင်ဘူးဟု ဗုဒ္ဓဘုရားရှင်က ဟောကြားတော်မူတယ်။

ဒီနေရာမှာ ဘုန်းကြီးက ကာလဒေသကိုကြည့်ပြီး တိုတိုလေးပဲဟောပါ့မယ်။

ယဉ္စ ကာမသုခံ လောကေ၊ ယဉ္စိဒံ ဒိဝိယံ သုခံ၊
တဏှက္ခယသုခဿေတေ၊ ကလံ နာဂ္ဃန္တိ သောဠသိံ။ ဥဒါန။ ၇၉။

လောကေ၊ ကာမလောက ရူပလောက အရူပလောကအားဖြင့် လောက သုံးရပ်၌။ ဗုဒ္ဓဘုရားရှင်က အဲဒီလောက သုံးပါးမှာ လူနတ်တို့၏ ချမ်းသာဆိုဒါက တမျိုး ဈာနလာဘီ -မြတ်ယောဂီတို့၏ ဈာန်ချမ်းသာနှင့် ဗြဟ္မာတို့၏ ချမ်းသာကတမျိုးအဲဒီအမျိုးမျိုးတို့နှင့် နှိုင်းစာပြီးပြထားတယ်။

ယဥ္စ ကာမသုခံ၊ လူအပေါင်း နတ်အပေါင်း တို့၏ ခံစားနေကြတဲ့ လူချမ်းသာ၊ နတ်ချမ်းသာတို့သည်လည်းကောင်း။ ယဥ္စိဒံ ဒိဝိယံ သုခံ၊ ဈာနလာဘီ၊ မြတ်ယောဂီတို့၏ အလီလီ ခံစားနေကြတဲ့ ဈာန်ဆိုတဲ့ ချမ်းသာသည်လည်းကောင်း။ အတ္ထိမလွဲသေ့ ရှိကြပေ၏။ တေ၊ ကာမချမ်းသာ ဈာန်ချမ်းသာဟု ကိုအပ်ကုန်သော လောကီချမ်းသာ အဖြာဖြာ ဟူသမျှတို့သည်။ တဏှက္ခယသုခဿ၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဟူသမျှတို့၏ ကုန်ဆုံးချုပ်ငြိမ်းရာ မှန် အမြိုက်နိဗ္ဗာန်တည်းဟူသော သန္တိသုခချမ်းသာမြတ်၏။

နိဗ္ဗာန်ချမ်းသာဆိုတာ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာတွေ ချုပ်ငြိမ်းမှုသာလျှင် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခစတဲ့ ဒုက္ခတွေအကုန် ချုပ်ငြိမ်းပါတယ်။ အဲဒါကြောင့် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတွေ ချုပ်ငြိမ်းပြီးတော့သွားတဲ့ အခါ အငမတန် ချမ်းသာပြီးတော့ နေတဲ့ သန္တိသုခချမ်းသာများ ပေါ်လာပါသည်။

တဏှက္ခယသုခဿ၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဟူသမျှတို့၏ ကုန်ဆုံးချုပ်ငြိမ်းရာဖြစ်တဲ့ သန္တိသုခ ချမ်းသာမြတ်၏၊ သောဠသိံ ကလံ၊ ၂၅၆-စိပ်စိပ် တစိပ်မျှကိုပင် ဗုဒ္ဓမြတ်စွာ၏ သန္တိသုခချမ်းသာကို မမီနိုင်ပေ။

ဘာဖြစ်လို့မမီနိုင်သလဲဆိုတော့ နိဗ္ဗာန်ချမ်းသာဆိုတာက ပူမှုတွေလဲကင်း နာမှုတွေလဲကင်း သေမှုတွေလဲကင်း စိုးရိမ်မှု ပူဆွေးမှုဟူသမျှတွေလဲကင်းပြီးတော့ နေတဲ့အတွက်ကြောင့် အေးငြိမ်းတဲ့ ချမ်းသာတဲ့။

အဲဒီလို အေးငြိမ်းတဲ့ ချမ်းသာဖြစ်ပြီးတော့ နေတဲ့အတွက် နိဗ္ဗာန်ချမ်းသာကိုသာ ၂၅၆-စိပ် တစိပ်နဲ့ ယှဉ်ပြိုင်သည့်ရှိသော် နိဗ္ဗာန်ကို မမီနိုင်ဘူးဆိုတဲ့အကြောင်း ဗုဒ္ဓဘုရားရှင် မိန့်ကြားတော်မူပါတယ်။

အဲဒါကြောင့် ယခုနေ ဝမ်းမြောက်ဝမ်းသာနဲ့ ပြုပြီးတော့ ဒါနကုသိုလ်သီလကုသိုလ်တွေကြောင့်ပင် လောကီချမ်းသာအဖြာဖြာတွင် နှိုင်းဆသော်လည်း နှိုင်းဆလို့မရ၊ အလွန်မြင့်မြတ်တဲ့ သန္တိ-သုခ နိဗ္ဗာန် တည်းဟူသော ချမ်းသာမြတ်ကို လျင်မြန်စွာ ရရှိပါစေသား ရယ်လို့ ပတ္ထနာမှုတွေ ပြုကြရမယ်။

မိုးကုတ်ရှင်းတမ်း ၃—ပမ သစ

အင်မတန် ချမ်းသာလှန်းလို့ အဲဒါကြောင့် သောဋ္ဌသိ ကာလ၊ ၂၅၆၈-စိပ်စိပ် တစိပ်မျက်ပင် နာဠ္ဋ္ဌိ၊ မမိနိုင်ကြလေကုန်။နာဠ္ဋ္ဌိ၊ မိနိုင်ရန်ကိုး ချိန်ဆထိုးသော်လည်း အမျိုးမျိုးယှဉ်ပြိုင် မမိ နိုင်ကြကုန်ရာသတည်း။

(ကိုင်း၊ အလှူ့ဒါယကာတွေ ရေစက်ချဖို့လိုက်ဆိုကြ၊ အားလုံးလိုက်ဆို၊ ရေစက်ခွက် ကိုင်ထားပါ)

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသော၊ သံဃာတော်အရှင်မြတ်တို့ ဘုရား....၊ တပည့်တော်တို့သည် အို့၊နာ့၊သေလွတ် ဝဋ်ကျွတ်ရာအမှန် အမြိုက်နိဗ္ဗာန်ကို လျင်မြန် စွာ ရရှိစေခြင်းအကျိုးငှာ လည်းကောင်း၊ အလုံးစုံသော ကျက်သရေမင်္ဂလာ အဖြာဖြာတို့ကို တနေ့တခြား တိုးပွားစေခြင်းအကျိုးငှာ ဘေးဒုက္ခ တန်တန်၊ ရန်အသွယ်သွယ် အန္တရာယ်တို့ကို ပပျောက်စေခြင်း အကျိုးငှာလည်းကောင်း၊ သရဏဂုံသုံးပါးနှင့် ငါးပါးသော သီလတော်မြတ် တို့ကို ကောင်းစွာ ဆောက်တည်ကြပါကုန်၏၊ ဆောက်တည်ကုန်ပြီး၍ သံဃာတော်အရှင်မြတ်တို့ ၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ကို ယုံကြည်ပါကုန်၍ အထူးထူး အပြားပြား များလှ စွာသော ခဲဖွယ်ဘောဇဉ်, ချိုချဉ်အရသာ အဖြာဖြာတို့ကို သံဃာတော်အရှင်မြတ်တို့အား ဝမ်း မြောက် ဝမ်းသာ လှူဒါန်းပါကုန်၏၊ ပူဇော်ပါကုန်၏၊ ယနေ့ ယနေ့ပြုရသော ကောင်းမှု စေတနာ အဖြာဖြာတို့ကြောင့်၊ ဇာတိကင်းရာ၊ ဇရာကင်းရာ၊ ဗျာဓိကင်းရာ၊ မရဏကင်းရာဖြစ်သော နိဗ္ဗာန် ချမ်းသာကို လျင်မြန်စွာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် ရောက်ရသည့်ကိုယ်ဖြစ်ရပါလို၏၊ ခပ်သိမ်းများစွာ အတတ်ပညာတို့ကို မြင်ရုံ ကြားရုံ ကြံစည်ရုံတို့ဖြင့် တတ်မြောက်နိုင်သည့်ကိုယ် ဖြစ်ရပါလိုကုန်၏၊ အလိုရှိ၍ တောင်းဘသည့်အခါ စွန့်ကြဲပေးကမ်း လှူဒါန်းမကုန်နိုင်သော စည်းစိမ်ဥစ္စာ ရတနာ တို့နှင့် ပြည့်စုံရသည့်ကိုယ် ဖြစ်ရပါလိုကုန်၏၊ ယခုဘဝကို အစထား၍ နိဗ္ဗာန်ရသည့် တိုင်အောင် မရှိပါဟူသောစကား၊ မသိပါဟူသောစကား၊ ပေးပါဟူသောစကား ဟူသမျှတို့ကို တရံတခါမျှ မပြောရသည့်ကိုယ် ဖြစ်ရပါလိုကုန်၏၊ ယနေ့ယခု စုပေါင်း၍ ပြုရသော ကောင်းမှုပုည အဖို့ဘာဂကို အမိအဖ ဆရာသမား ဆွေမျိုးမိတ်ဆွေ လာသမျှသော ပရိသတ်နှင့် အတူတကွ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ တောစောင့်နတ်၊ တောင် စောင့်နတ်၊ မြစ်စောင့်နတ်၊ ချောင်းစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ လောကစောင့်နတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုးနတ်၊ မိုးနတ်သား၊ လေနတ်သား၊ နေနတ်သားမှစ၍ အမျိုး မျိုးသော နတ်၊ ၃၁-ဘုံ၌ ကျင်လည်ကုန်သော ခပ်သိမ်းများစွာသော သတ္တဝါတို့သည် ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်ကုန်ပြီး၍ ကိုယ်, စိတ်နှစ်ဖြာ ချမ်းသာရကြသည် ဖြစ်ကြပါစေသော်။

(အမျှ–အမျှ–အမျှ—ယူတော်မူကြပါကုန်)

( သာဓု—သာဓု—သာဓု )

# ရန်ကုန်မြို့ရှိ မိုးကုတ်မြို့နယ်အသင်းမှ ကောက်ခံရရှိငွေ စာရင်း

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | | ကျပ်၊ ပြား |
|---|---|---|---|
| ၁။ | မိုးကုတ်မြို့နယ်အသင်း ၇၀/၇၂ ဗိုလ်အောင်ကျော်လမ်း | | ၁၀၀၀ |
| ၂။ | အဖွားဖုံ၊ သား ဦးမြင့်-ဒေါ်သန်းသန်း ၄၈-ဂွတ္တလစ် | ၅၀၄၃၄ | ၃၀၀၀ |
| ၃။ | ဦးချစ်ဆွေ-ဒေါ်ခင်ဝင်း မိသားစု ၁၇၁-ဘားလမ်း | ၇၂၅၄၃ | ၃၀၀၀ |
| ၄။ | ဦးချစ်လှ-ဒေါ်ထွေးကြည် မိသားစု ၂၅-ရွှေတောင်ကြားလမ်း | ၃၁၆၀၃ | ၁၅၀၀ |
| ၅။ | ဦးခင်မောင်-ဒေါ်မြမေ မိသားစု ၇၄ (က) ဝင်ဒါမီယာလမ်း | ၃၀၈၇၉ | ၁၃၃၃ |
| ၆။ | ဦးထွန်းအေး-ဒေါ်ရီရီ မိသားစု ၃၂၊ ၆-မိုင်ခွဲ ပြည်လမ်း | ၃၂၁၉၄ | ၁၃၃၃ |
| ၇။ | ဒေါ်အေးမေနှင့် မောင်နှမဘာစု ၁၈၂-ရွှေဂုံတိုင် | ၅၀၈၄၀ | ၁၃၀၀ |
| ၈။ | ဖွားရွှေအိမ်၊ သား ဦးအောင်သိန်း-ဒေါ်တင်တင် ၈၉၊ ၂၈-လမ်း | ၇၆၅၉၆ | ၁၃၀၀ |
| ၉။ | ဒေါ်အုန်း မိသားစု ၂၉-ဘဒ်လမ်း | ၇၁၆၃၃ | ၁၂၂၀ |
| ၁၀။ | ဦးအောင်ချို မိသားစု ၂၈၇-ပြည်လမ်း | ၃၀၆၇၇ | ၁၀၀၀ |
| ၁၁။ | ဦးအောင်ကျော်-ဒေါ်စိန် ၉၃-တက္ကသိုလ်ရိပ်သာ | ၃၂၄၄၂ | ၁၀၀၀ |
| ၁၂။ | ဦးထွန်းဝ-ဒေါ်အုန်း မိသားစု ၁ (ခ) ကံဘဲ့လမ်း၊ ရန်ကင်း | ၅၂၄၈၆ | ၁၀၀၀ |
| ၁၃။ | ဒေါ်စိန်ခင် မိသားစု ၆၊ ဒုတိယသော်မဆင်ရိပ်သာ | | ၁၀၀၀ |
| ၁၄။ | ဦးသန်းမောင်-ဒေါ်ကောက် ကျားပျံ ဆေးလိပ်ခုံပိုင်ရှင် | | ၁၀၀၀ |
| ၁၅။ | ဦးလှရွှေ-ဒေါ်လှရင် မိသားစု (၇) တက္ကသိုလ်ရိပ်သာ | | ၁၀၀၀ |
| ၁၆။ | ဦးဘတင့်-ဒေါ်စိန်စိန် မိသားစု ၅၆-မဥ္ဇူလမ်းသွယ်၊ ပါရမီ(၁) | ၆၀၃၆၈ | ၁၀၀၀ |
| ၁၇။ | ဒေါ်ကြည်သန်း မိသားစု ၁၂၆-ဘောင်ဒရီလမ်း | ၃၂၂၁၆ | ၁၀၀၀ |
| ၁၈။ | ဦးမြင့်လှိုင်-ဒေါ်သန်းမြင့် မိသားစု ၈၁-ဆင်းဒဝစ်လမ်း | | ၅၅၀ |
| ၁၉။ | ကိုမောင်မောင်-မအမာကြည် ၇၄ (က) ဝင်ဒါမီယာလမ်း | ၃၀၈၇၉ | ၅၅၀ |
| ၂၀။ | ဦးချစ်ယုံ-ဒေါ်တင်ဝင်း မိသားစု နှင်းဆီလမ်း၊ အလုံ | | ၅၂၀ |
| ၂၁။ | အဖွားထွေး၊ သား-ဦးစံဝင်း ရှမ်းစုရပ်၊ မိုးကုတ်မြို့ | | ၅၀၀ |
| ၂၂။ | ဒေါ်သိန်းတင် မိသားစု ဗိုလ်အောင်ကျော်လမ်း | | ၅၀၀ |
| ၂၃။ | ဦးဘမို-ဒေါ်သန်းသန်း မိသားစု ၅၃-ဝင်ဆာလမ်း | ၃၀၉၅၄ | ၅၀၀ |
| ၂၄။ | ဦးအံကြီး-ဒေါ်မေညွန့် မိသားစု ၁၃၀-ဝင်ဒါမီယာလမ်း | ၃၂၆၇၈ | ၅၀၀ |

| စဉ် | အလှူရှင်အမည်နှင့်နေရပ်လိပ်စာ | | ကျပ်၊ ပြား |
|---|---|---|---|
| ၂၅။ | ဦးလှ မိသားစု ၁၀၀-သစ်တောလမ်း၊ အလုံ | | ၅၀၀ |
| ၂၆။ | ဒေါ်ထားကြည် မိသားစု ၂၇၉-ဦးဝိစာရလမ်း | ၃၁၀၁၂ | ၅၀၀ |
| ၂၇။ | ဒေါ်ခင်မြင့် ဒါးတန်း၊ မန္တလေး | | ၅၀၀ |
| ၂၈။ | ဦးဘရင်-ဒေါ်ခင်သန်း မိသားစု ၇၂-ဝင်ဒါမီယာလမ်း | ၃၁၂၀၆ | ၅၀၀ |
| ၂၉။ | ဦးအောင်ခင်-ဒေါ်လှဝင်း မိသားစု ၂၀-၅၂-လမ်း | | ၅၀၀ |
| ၃၀။ | ဦးသိန်းအောင်-ဒေါ်ဝင်းကြည် မိသားစု ၂၉-ဇမ္ဗူရစ်လမ်း၊ စမ်းချောင်း | | ၅၀၀ |
| ၃၁။ | ဦးထွန်းတင်-ဒေါ်ညွန့်ညွန့် မိသားစု ၂၄ (က) ယောက်လမ်း | ၇၃၈၁၂ | ၅၀၀ |
| ၃၂။ | ဦးကြည်မင်း-ဒေါ်ခင်အေးသန် မိသားစု ၁၇၅-ဘားလမ်း | ၇၄၈၂၇ | ၅၀၀ |
| ၃၃။ | ဗိုလ်မြင့်ဆွေ-ဒေါ်ညွန့်ညွန့်ဝင်း ၇၄ (က) ဝင်ဒါမီယာလမ်း | ၃၀၈၇၉ | ၄၀၀ |
| ၃၄။ | ဦးအုန်းမောင်နှင့်အဖွဲ့ ဈေးဟောင်းရပ်၊ မိုးကုတ်မြို့ | | ၄၀၀ |
| ၃၅။ | ကိုမောင်မောင်သန်း-မခင်ရွှေသိန်း ၁၈-ရွှေလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့ | | ၃၂၀ |
| ၃၆။ | ဦးသိန်းလွင်-ဒေါ်အေး ၁၀၁-ကက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန် | ၃၀၀၄၁ | ၃၀၀ |
| ၃၇။ | ဦးကိုကြီး-ဒေါ်ညွန့်စိန် ၁၁၁ (ခ) ဝင်ဒါမီယာလမ်း | ၃၀၉၀၉ | ၃၀၀ |
| ၃၈။ | ဦးတင်ညွန့်-ဒေါ်စိန်ရင် မိသားစု ၁၉/၂၁ ဝင်ဒါလမ်းသွယ် | ၃၁၀၁၉ | ၃၀၀ |
| ၃၉။ | ဦးညွန့်လူ-ဒေါ်အုန်းစိန် မိသားစု ၄၉ (က) မိုးကောင်းလမ်း၊ ကျောက်ကုန်း | | ၃၀၀ |
| ၄၀။ | ဦးကိုလေး-ဒေါ်ကြည်ကြည် ရွှေဘုံသာရပ်၊ မိုးကုတ်မြို့ | | ၃၀၀ |
| ၄၁။ | ဦးအုန်းဖေ-ဒေါ်တင်တင် ၃၉/၄၃ ၃၁-လမ်း | ၇၂၅၇၈ | ၃၀၀ |
| ၄၂။ | ဦးဗိုလ်သောင်း-ဒေါ်မြကြည် ၃၀ (က) ဝင်ဒါမီယာလမ်း | ၃၁၇၂၄ | ၃၀၀ |
| ၄၃။ | ဦးဘအေး-ဒေါ်ခင်မြင့် ၃၇ ဗိတိုရိယားလမ်း | ၃၅၅၃၇ | ၃၀၀ |
| ၄၄။ | ဗိုလ်မှူးပန်းကြိုင်-ဒေါ်ခင်တင့် ၅၀/၂၉ လမ်း | | ၃၀၀ |
| ၄၅။ | ဒေါ်အမာ မိသားစု ၂၇ ကျောင်းလမ်း၊ မြနိကုန်း | ၃၀၀၉၇ | ၃၀၀ |
| ၄၆။ | ကိုသိန်းအောင်-မြင့်မြင့် ၁၀-ရွှေဂုံကြားရိပ်သာ | | ၃၀၀ |
| ၄၇။ | ကိုကျော်လှိုင်-မသန်းသန်းအေး ၁၆၆-ဆူးလေဘုရားလမ်း | ၇၃၃၆၁ | ၃၀၀ |
| ၄၈။ | ဦးဒအောင်၊ သား ကိုသိန်းထွန်း ပတ္တမြားရပ်၊ မိုးကုတ်မြို့ | | ၃၀၀ |
| ၄၉။ | ကိုစိုးမြင့်-မမြင့်မြင့် မိသားစု ၄၆၆-ဈေးဟောင်းရပ်၊ မိုးကုတ်မြို့ | | ၃၀၀ |
| ၅၀။ | ကိုမေအောင်-မဒေဝါခမ်းမြတ် ၇၆ (ခ) ဝင်ဒါမီယာလမ်း | ၃၀၈၇၉ | ၂၀၀ |
| ၅၁။ | ဦးစိုင်းဆိုင်သင်ဟာ-ဒေါ်လှလှ မိသားစု ၅၀-အင်းလျားမြိုင် | ၃၀၉၄၁ | ၂၀၀ |

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | | ကျပ်၊ပြား |
|---|---|---|---|
| ၅၂။ | ဦးမောင်မောင်မြင့်-ဒေါ်သန်းသန်း ၄၂-ကမ္ဘာအေးဘုရားလမ်း | | ၂၀၀ |
| ၅၃။ | ဒေါ်သိန်းတင်-ဒေါ်သိန်းခင် ၅၀-ဂွတ္တလစ်လမ်း | | ၂၀၀ |
| ၅၄။ | ဦးရွှေမောင်-ဒေါ်ရွှေ (ရွှေပလောင်) ၁၇၆-မဟာဗန္ဓုလလမ်း | | ၂၀၀ |
| ၅၅။ | ဦးရ မိသားစု ၈၇-ရွှေဘုံသာလမ်း | | ၂၀၀ |
| ၅၆။ | ဦးကျော်ရှိန်-ဒေါ်တင်ရွှေ မိသားစု ၃၀၃-ဦးဝိစာရလမ်း | ၃၂၂၇၂ | ၂၀၀ |
| ၅၇။ | ဦးမောင်မေ င်လေး-ဒေါ်ကြည်အောင် ၆၈ (က)အင်းလျားလမ်း | | ၂၀၀ |
| ၅၈။ | ဦးစိုးတင့်-ဒေါ်အမာတင့် အိုးဘို၊ ကြည့်မြင်တိုင် | | ၂၀၀ |
| ၅၉။ | ဦးထွန်းလှိုင် မိသားစု မိုင်းလုံမြို့ဟောင်း | | ၂၀၀ |
| ၆၀။ | ဦးမိန့်-ဒေါ်သိန်းညွန့်- သမီး မတင်ရွှေ ၇၂-ဝင်ဒါမီယာလမ်း | ၃၁၅၀၆ | ၂၀၀ |
| ၆၁။ | ဒေါ်တင်အုန်း မိသားစု ၈၉ (က)အင်းလျားမြိုင် | ၃၁၀၀၈ | ၂၀၀ |
| ၆၂။ | ဦးတင်မောင်-ဒေါ်မြင့်မြင့် မိသားစု ၄၂-ငင်ဒါမီယာလမ်း | ၃၁၇၆၆ | ၂၀၀ |
| ၆၃။ | ဦးသန်း-ဒေါ်သန်းတင် ၃၉၈ (င) ဘိုးလိန်းလမ်း | ၅၁၅၄၂ | ၁၅၀ |
| ၆၄။ | ကိုစံလင်း-မစန်းစန်း သမီး မသက်သက်အောင် ၄၈-ဂွတ္တလစ်လမ်း | ၅၀၄၃၄ | ၁၅၀ |
| ၆၅။ | ဦးစော၊ဦးခင်မောင်ရီ-ဒေါ်ခင်လှလှ မင်းညွန့်လမ်း၊ စမ်းချောင်း | | ၁၅၀ |
| ၆၆။ | ကိုမောင်မောင်လေး-မတင်မေထွန်း ၃၃-အင်းလျားမြိုင် | ၃၂၉၁၈ | ၁၅၀ |
| ၆၇။ | ကိုဘုန်းမြင့်သောင်း-မခင်ငင်းရီ ၁၉/၂၁ ဂင်ဆာလမ်းသွယ် | ၃၁၀၁၉ | ၁၂၅ |
| ၆၈။ | ဒေါ်ခင်တင့်-ခမြး မေမျိုးခင်-မူမူခင် ၁၄/၁၆- ၄၉-လမ်း | | ၁၀၅ |
| ၆၉။ | ဦးဖေရှင်-ဒေါ်သီး၊ အောင်နန်းရပ်၊ မိုးကုတ်မြို့ | | ၁၀၀ |
| ၇၀။ | အဖွားပု-သမီး ဒေါ်လေးမှို ၆၅-ရွှေတောင်ကြားလမ်း | ၃၂၈၃၄ | ၁၀၀ |
| ၇၁။ | ကိုမောင်မောင်-မထားထား ။ ။ | ။ | ၁၀၀ |
| ၇၂။ | ကိုခင်မောင်ထွေး- မခင်နှင်းဆီ ၁၁၁-ဘောင်ဒရီလမ်း | | ၁၀၀ |
| ၇၃။ | ဒေါ်မြမြ-ဒေါ်သန်းသန်း ၁၇-အောင်မင်းခေါင်လမ်း | | ၁၀၀ |
| ၇၄။ | သခင်သာခင်-ဒေါ်မြသန်းတင့် ၆၀-ရွှေတောင်ကြားလမ်း | ၃၀၅၁၃ | ၁၀၀ |
| ၇၅။ | ဒေါ်စိတ်ကောင်း ရှမ်းစုရပ်၊ မိုးကုတ်မြို့ | | ၁၀၀ |
| ၇၆။ | ကိုညာဏ်ထွန်း မတင်တင် ၁၅၂-အနော်ရထာလမ်း | | ၁၀၀ |
| ၇၇။ | ဦးလှဝင်း-ဒေါ်စန်းစန်းမြင့် ၁၀၀/၂၁-လမ်း | ၇၄၀၇၅ | ၁၀၀ |
| ၇၈။ | ဦးကျော်ခိုင်-ဒေါ်ခင်အေး ၅၂၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း | | ၁၀၀ |

| စဉ် | အလှူရှင်အမည်နှင့်နေရပ်လိပ်စာ | | ကျပ်၊ ပြား |
|---|---|---|---|
| ၇၉။ | ဦးခင်မောင်မြင့်-ဒေါ်တင်အေး ၂-ဖိုးရာဇာလမ်း၊ ကျောက်ကုန်း | ၅၀၂၄၉ | ၁၀၀ |
| ၈၀။ | ဦးကြွယ်-ဒေါ်သီ ၆၈(က) အင်းလျားလမ်း | | ၁၀၀ |
| ၈၁။ | ဒေါ်သန်းဆွေ မိသားစု ၉၁-ရွှေဘုံသာလမ်း | | ၁၀၀ |
| ၈၂။ | ဦးကျော်ဇံ-ဒေါ်ရှိန် ၇၂၊ ဗိုလ်အောင်ကျော်လမ်း | ၇၅၀၅၆ | ၁၀၀ |
| ၈၃။ | ကိုအောင်ကျော်၊ ရေကူးကန်၊ မင်းတံတားရပ်၊ မိုးကုတ်မြို့ | | ၁၀၀ |
| ၈၄။ | ကိုအောင်မျိုးသန့်-မခင်သန်းညွန့် ၁၆၁ အခန်း ၆-ဗိုလ်အောင်ကျော်လမ်း | | ၁၀၀ |
| ၈၅။ | ဦးစံသိန်း-ဒေါ်နှင်းရီ ဗိုလ်ချုပ်ဈေး | | ၁၀၀ |
| ၈၆။ | ဦးကျော်သောင်း-ဒေါ်ညိုညိုသောင်း၊ ထီးတန်း၊ ကြည့်မြင်တိုင် | | ၁၀၀ |
| ၈၇။ | ဦးမှင်-ဒေါ်ညို မိသားစု ၁၁၂၊ သုခမလမ်း၊ ဂွတ္တလစ် | | ၁၀၀ |
| ၈၈။ | ဗိုလ်မှူးသန်းလှိုင်-ဒေါ်အေးကြည် မိသားစု ပြည်ထောင်စုရိပ်သာ | | ၁၀၀ |
| ၈၉။ | ဦးမင်းတင်ထွဋ်-ဒေါ်မိမိဆွေ ၁၀၂၊ သုခမလမ်း၊ ဂွတ္တလစ် | | ၁၀၀ |
| ၉၀။ | ဒေါ်သိန်းကြွယ် မောင်နှမတစု ၉၀-ဘိုးလိန်းလမ်း | | ၁၀၀ |
| ၉၁။ | ကိုခင်မောင်လှိုင်-မလှလှတင် ၂၁၀-ပန်းဆိုးတန်း | | ၁၀၀ |
| ၉၂။ | ကိုနေဝင်း-မခင်မေသန်း ၂၁၃-လမ္ဘလမ်း | | ၁၀၀ |
| ၉၃။ | ဦးမောင်ကြိုင်-ဒေါ်အုန်းကြိုင်-မြိုင်မဂ်လာလမ်း၊ မြောင်းမြ | | ၁၀၀ |
| ၉၄။ | ကိုတင်ဝင်း-မလေး စီရေယာဒ်လမ်း | | ၁၀၀ |
| ၉၅။ | ဒေါက်တာခင်မြတ်-ဒေါ်အေးအေး၊ ၃၀၃-ဦးဝိစာရလမ်း | ၃၂၂၇၂ | ၁၀၀ |
| ၉၆။ | ဦးခင်မောင်-ဒေါ်သီ မိသားစု ၂၄-ပြည်လမ်း၊ ၇-မိုင် | ၆၀၉၄ | ၁၀၀ |
| ၉၇။ | ဒေါ်အမာ မိသားစု ၃၅၂-ပြည်လမ်း | | ၁၀၀ |
| ၉၈။ | ဦးသုတ-ဒေါ်ရင်မော် ၅-ပြည်တော်အေးရိပ်သာ ကမ္ဘာအေးဘုရားလမ်း | ၅၄၄၀၇ | ၁၀၀ |
| ၉၉။ | ဦးကံညွန့်-ဒေါ်နွယ်နွယ် ၅၆-ကမ္ဘာအေး ဘုရားလမ်း | | ၁၀၀ |
| ၁၀၀။ | ဦးကျော်စိန် ဒေါ်မြင့်မြင့်ရီ | | ၁၀၀ |
| ၁၀၁။ | ဦးအောင်မြင့်-ဒေါ်မမာ | | ၁၀၀ |
| ၁၀၂။ | ဦးကင်မောင်အေး-ဒေါ်ဆွေဆွေ ဦးဖိုးလမ်း၊ စမ်းချောင်း | | ၁၀၀ |
| ၁၀၃။ | ဦးတင်ထွဋ်-ဒေါ်ငင်းငင်း ၂၂(က)ဂျူးဘန်းလမ်း | ၆၁၁၀၇ | ၁၀၀ |
| ၁၀၄။ | ဦးစံရွှေ-ဒေါ်ခင်သိန်း ၅၈၇(က) ၆-လမ်း၊ ကမာရွတ် | | ၁၀၀ |
| ၁၀၅။ | ဦးကိုကိုကြီး-ဒေါ်လှဇာ ၁၁၅၊ ၃၆-လမ်း | | ၁၀၀ |

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | | ကျပ်၊ပြား |
| --- | --- | --- | --- |
| ၁၀၆။ | ဦးတင်လှိုင် မိသားစု ကရစ်လမ်း | | ၁၀၀ |
| ၁၀၇။ | ဦးစံရင်-ဒေါ်သန်းခင် ၂၂-၅၂ လမ်း | | ၁၀၀ |
| ၁၀၈။ | ဗိုလ်မြသောင်း-မမြသွေး ၄၈-၅၂-လမ်း | | ၁၀၀ |
| ၁၀၉။ | ကိုစိန်မောင်-မမြသွင် သုဝဏ္ဏ | | ၁၀၀ |
| ၁၁၀။ | ဒေါ်လှမြိုင် မိသားစု ၂၀၃-ပန်းဆိုးတန်း | | ၁၀၀ |
| ၁၁၁။ | ကိုအုံးခရွှေ-မသီသီ ၅၃-ဗိုလ်ကလေးဈေးလမ်း | | ၁၀၀ |
| ၁၁၂။ | ဒေါ်သောင်းညို ၂၀၇-လွှတ္တလမ်း | | ၁၀၀ |
| ၁၁၃။ | ဦးခင်မောင်ကြည်-ဒေါ်ခင်နန်းညွန့် တပင်ရွှေထီးလမ်းကျောက်ကုန်း-၅၀၂၈၅ | | ၁၀၀ |
| ၁၁၄။ | အဖွားယုံ မိသားစု ၁၉၊ ၉၁-လမ်း၊ ကန်ဘော်ကလေး | | ၁၀၀ |
| ၁၁၅။ | ဦးခင် မိသားစု ၂၇၉-ဦးဝိစာရလမ်း | ၃၁၀၀၂ | ၁၀၀ |
| ၁၁၆။ | ကိုဝင်းလွင်-မစန်းစန်းလွင် ၂၇၉-ဦးဝိစာရလမ်း | | ၁၀၀ |
| ၁၁၇။ | ကိုခင်မောင်ကြူ-မနှင်းရီရီစိန် ၅၅-ဝင်ဒါမီယာလမ်း | ၃၂၅၁၄ | ၁၀၀ |
| ၁၁၈။ | ဦးဝမ်းကြည်မင်း-ဒေါ်မြမြ မြို့မရပ်၊ မိုးကုတ်မြို့ | | ၁၀၀ |
| ၁၁၉။ | အဖွားကြွယ် ကြပ်ပြင်ရပ်၊ မိုးကုတ်မြို့ | | ၁၀၀ |
| ၁၂၀။ | ဦးအုံးကိုင်-ဒေါ်ပိုက်ပိုက် ၂၃၄-ဆူးလေဘုရားလမ်း | | ၁၀၀ |
| ၁၂၁။ | ဗိုလ်မှူးထွန်းစိန်-ဒေါ်မြသွယ် မိသားစု ၁၂၁-ဖို့ကလမ်း | ၇၈၇၄၈ | ၁၀၀ |
